စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အပြည့်ပြည့်ဆိုင်ရာ
မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံ
ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ (တယ်လီဖုန်းဆွေးနွေးပွဲ) မှတ်တမ်း / ၆

ရက်စွဲ ။ ။ ဧပြီလ(၂၄)ရက်၊ စနေနေ့ ၊၂၀၁၀

<u>ဆွေးနွေးပွဲတက်ရောက်သူများ</u>

(၁) ကိုဇော်ကိုနိုင်
(၂) ကိုရဲထွဋ်
(၃) ကိုအောင်တင် (NLD.LA-Canada - ဥက္ကဋ္ဌ / ကနေဒါနိုင်ငံမှတက်ရောက်ဆွေးနွေးသည်)
(၄) ကိုဇော်ဇော် ( Burma Forum Canada / Former ABSDF/ ကနေဒါနိုင်ငံမှ တက်ရောက်ဆွေးနွေးသည်)
(၅) ကိုဂင်းမောင် (BMO-Canada / ကနေဒါနိုင်ငံမှ တက်ရောက်ဆွေးနွေးသည်)
(၆) ကိုတင်ထွဋ် ( မြန်မာကျောင်းသားများဒီမိုကရက်တစ်အဖွဲ့- ဥက္ကဋ္ဌ / ကနေဒါနိုင်ငံမှ တက်ရောက်ဆွေးနွေးသည်)
(၇) ကိုရဲရင့်ငယ် (ကနေဒါနိုင်ငံမှတက်ရောက်ဆွေးနွေးသည်)
(၈) ကိုကိုလေး
(၉) ကိုမင်းနိုင်
(၁၀) Dr-ခင်စိန်
(၁၁) ကိုလှိုင်မိုးသန်း
(၁၂) ကိုတင်ကိုကိုဦး
(၁၃) ကိုစိုးမိုး
(၁၄) ဆရာတော်ဦးအဂ္ဂဓမ္မ
(၁၅) ကိုမိုးသီဟ
(၁၆) ကိုလတ်
(၁၇) ကိုဇော်နေမျိုး
(၁၈) ကိုဇော်ဇော်
(၁၉) ကိုမျိုးအေး
(၂၀) ကိုရာဇာ
(၂၁) ကိုလှစိုး(Buffalo)
(၂၂) ကိုအောင်သန်း
(၂၃) ကိုထွန်းလှိုင်
(၂၄) ကိုအောင်ခန့်
(၂၅) ဆရာတော်ဦးပညာဇောတ(နတ်ဇော)
(၂၆) ကိုစိုင်း ။
*(Conference Call Detail report) အရ ဆွေးနွေးပွဲတက်ရောက်သူ (၃၄)ဦးဖြစ်သည်။ (၂၆)ဦးမှာဆွေးနွေးပွဲတက်ရောက်ကြောင်း အကြောင်းကြားပြီး (၆)ဦးမှာအကြောင်းမကြားချေ ။

အခမ်းအနားမှူး ။ ။ ကိုမင်းနိုင်၊ ကိုကိုလေး ၊ ကိုရဲထွဋ်
မှတ်တမ်း ။ ။ ကိုဇော်ကိုနိုင် ၊ ကိုလတ်

<u>ဆွေးနွေးသည့်အကြောင်းအရာများ</u>

(၁) ဆွေးနွေးပွဲတက်ရောက်လာသူများမှ မိတ်ဆက်ခြင်း ။
(၂) ကနေဒါနိုင်ငံမှ တက်ရောက်လာသည့် ရဲဘော်များမှ ညီလာခံနှင့်ပတ်သက်သည့် အကြံပြုချက်များ၊ ညီလာခံအပေါ် သဘောထားနှင့် ပူးပေါင်းဆောင်ရွက်မှု ။
(၃) ဘဏ္ဍာရေးဆပ်ကော်မတီ၏တင်ပြချက် ။

(၄) ညီလာခံတွင်ချမှတ်မည့် နိုင်ငံရေးလုပ်ငန်းစဉ်များအား ကြိုတင်ဆွေးနွေးခြင်း/အကြံပြုတင်ပြခြင်း ။
(၅) ညီလာခံ၏ အခမ်းအနားအစီအစဉ်နှင့် (web Conference) ကိစ္စ ။
(၆) ညီလာခံတွင် အဖွဲ့အစည်းတရပ် စုဖွဲ့နိုင်ရေးအတွက် ဖွဲ့စည်းပုံရေးဆွဲရေးကိစ္စ ။
(၇) ညီလာခံဖြစ်မြောက်ရေး လိုအပ်ချက်များ ( ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်များသတ်မှတ်ရေးကိစ္စ) ။
- အထွေထွေ

ဆွေးနွေးဆုံးဖြတ်ချက်များ

(၁) ဆွေးနွေးပွဲတက်ရောက်လာသူများ မိတ်ဆက်ခြင်း ။

- ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများမှ မိမိကိုယ်မိမိ မိတ်ဆက်သည် ။

(၂) ကနေဒါနိုင်ငံမှ တက်ရောက်လာသည့် ရဲဘော်များမှ ညီလာခံနှင့်ပတ်သက်သည့် အကြံပြုချက်များ၊ ညီလာခံအပေါ် သဘောထားနှင့် ပူးပေါင်းဆောင်ရွက်မှု ။

ကနေဒါနိုင်ငံမှ ရဲဘော်များ၏ အကြံပြုဆွေးနွေးချက်များမှာ ..။

- အမျိုးသားနိုင်ငံရေးလမ်းကြောင်းကိုဖေါ်ဆောင်လိုလျှင် အမျိုးသားနိုင်ငံရေးအင်အားစုများအားလုံး လိုက်ပါနိုင်မည့်လမ်းစဉ်များကို မှန်ကန်စွာရွေးချယ်ရန်လိုအပ် ။ ဗမာ့ထွက်ရပ်ဂိုဏ်း ၊ ဖဆပလတို့ကို ဥပမာပေး၍ အင်အားစုများကို စုစည်းနိုင်ရန်။ လုပ်ငန်းစဉ်များကိုရွေးချယ်ရာမှာ ညီညွတ်ရေးရရှိနိုင်ရေးအတွက် လိုအပ်လျှင်အလျှော့အတင်းလုပ်တန်လုပ်ရန် အဆင်သင့်ရှိဖို့လိုသလို၊ မူလအခြေခံကျသောအချက်များကို ထိခိုက်နိုင်သော အလျှော့အတင်းလုပ်ဆောင်မှုမျိုးကိုလည်း ရှောင်ရှားရန်။

- ညီလာခံကျင်းပခြင်းရည်ရွယ်ချက်မူကြမ်းတွင် ပါသောအချက်(၄)နှင့် အချက်(၆)တို့သည် သဘောချင်းတူနေသဖြင့် အချက်တစ်ချက်အဖြစ်သာ ပေါင်းစည်းဖေါ်ပြသင့် ။

- အချက်(၂)ပါ "စစ်အာဏာရှင်စနစ်အား နည်းလမ်းပေါင်းစုံဖြင့် ဖျက်သိမ်းနိုင်ရေးအတွက်" ဆိုရာတွင် နည်းလမ်းပေါင်းစုံကို ထည့်သွင်းရန်မလိုအပ်ဟု ထင်မြင်သည် ။ နည်းလမ်းပေါင်းစုံသုံးမည်ဆိုခြင်းဖြင့် ပုံးဖေါက်ခြင်းကို နအဖအတွက် စွပ်စွဲစရာအခွင့်အလမ်းပေးသလိုဖြစ်နေသည် ။ လက်နက်ကိုင်တော်လှန်ရေးဖြစ်စေ၊ လူထုအုံကြွမှုဖြစ်စေ၊ မည်သည့်နည်းလမ်းကိုရွေးသည်ဖြစ်စေ၊ နည်းလမ်းပေါင်းစုံကိုမဖေါ်ပြဘဲ ကိုယ်ကြိုက်သည့်နည်းလမ်းကို ကိုယ်ရွေးနိုင်သည်သာဖြစ်သည် ။

-တဖန် ကနေဒါနိုင်ငံရှိ ရဲဘော်များမှထပ်မံ အကြံပြုချက်မှာ ..။

- စာဖြင့်ရေးသားဆွေးနွေးအကြံပေးမှုမျိုးကိုလည်း တရားဝင် တကမ္ဘာလုံးသို့ဖိတ်ခေါ်ကာ အချိန်မှာတာဝန်ယူ ဒိုင်ခံဆက်သွယ်ပေးနေသင့်သည်။

- တကယ် အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံတကာကွန်ဖရင့်တခုဖြစ်မြောက်လာစေရန် ၊ အနည်းဆုံး တနိုင်ငံတယောက် နှစ်ယောက်စလောက်ကို ထိုနိုင်ငံဒေသဆိုင်ရာအတွင်း ဖိတ်ကြားစေရေး ၊ ဆက်သွယ် ၊ လှုံ့ဆော်ရေး ၊ ရံပုံငွေကောက်ခံရေး စသည်တို့အတွက် တရားဝင်ထားရှိ ကြော်ငြာပေးသင့်သည်၊ ထိုတစ်ယောက်နှစ်ယောက်ထက် ပိုမိုဆက်သွယ်လာပါကလည်း အားလုံးနှင့်ဆိုင်သော ညီလာခံကိုပါဝင်ကူညီလိုသည့် အပြုသဘောဆောင်သော အကောင်းမြင်ဂါဒ်ဖြင့် ပါဝင်ပူးပေါင်းစုစည်းဆက်သွယ်လိုသူများကို Positive Energy အနေနှင့်ထိုသူ သို့မဟုတ် အဖွဲ့အစည်းကို ထိုနိုင်ငံထိုဒေသအတွက် အားလုံးလက်ခံသင့်သည်။ နောင်လာမည့်နှစ်များတွင် ထိုအားကောင်းသောနိုင်ငံများ၌ပင် အလုပ်ကျအစည်းဝေးဖြစ်လာနိုင်သည်။

- ရံပုံငွေရှိ၍ ၊ ပရောဂျက်ကျလာ၍ ထလုပ်ပြရခြင်းထက်စာလျှင် ၊ လူ၊ ငွေ၊ အချိန် မိမိအိတ်စိုက်ထုတ်ပြီးအားကျိုးမန်တက် ရိုးသားပွင့်လင်းစွာချပြ၍လုပ်ဆောင်ပြီး ဖြစ်ပေါ်လာသည့် ညီလာခံ၊ အဖွဲ့အစည်းတရပ်သည် ပိုမိုလေးစားဂုဏ်ယူဖွယ်ကောင်းသည် ၊ တော်လှန်ရေး၏ သဘောသဘာဝနှင့်လည်းကိုက်ညီသည် ၊ မိမိတို့ကနေဒါမှ ရဲဘော်များအနေနှင့်လည်း(ကိုဇော်ဇော် ၊ ကိုတင်ထွဋ်) လိုက်လံစုစည်း၊ စည်းရုံး၍ အခြားရဲဘော်များ ၊ (၈၈) မျိုးဆက်များ ၊ (ABSDF) ရဲဘော်ဟောင်းများနှင့်တိုင်ပင်ကာ ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ကူညီသွားရန်ဆန္ဒရှိသည်။

- ဒီနေရာတွင် ညီလာခံလုပ်ဆောင်နေကြသော ပုဂ္ဂိုလ်များအနေဖြင့် မိမိညီလာခံ ၊ အဖွဲ့ကို နိုင်ငံအသီးသီးမှ ပါဝင်အားဖြည့်နိုင်းမှာ အပြည့်အဝ ထောက်ခံကြလိမ့်မည်ဟု တွက်ဆမထားသင့်သလို စိတ်တူသဘောတူသူများနှင့် ဆက်လက်တိုးမြှင့်လက်တွဲလုပ်ဆောင်နိုင်ရန်လည်း အသင့်ပြင်ထားသင့်သည် ။ အပြည့်အဝမထောက်ခံမှုများမှာ မည်သည့်တော်လှန်ရေးတွင်မဆို ဖြစ်လေ့ဖြစ်ထရှိသော သဘောတရားများသာဖြစ်သည်။ ပြဿနာများမဟုတ်။

- ကိုဇော်ဇော်(ကနေဒါ)မှ အားလုံးကို ကမကထပြု စည်းရုံးရှင်းလင်း၍ ကိုဇော်ဇော် (ABSDF,Burma Forum)၊ ကိုအောင်တင် (NLD)၊ ကိုဝင်းမောင်(BMA)၊ ကိုရဲရင့်(လူငယ်ဘလော့ဂါ)တို့အားလုံး ဝိုင်းဝန်းဆွေးနွေးကြသလို ကိုတင်ထွဋ်(ကျောင်းသားများအဖွဲ့-

BSDO-ဥက္ကဌ)၊ ကိုထွန်းထွန်းဦး(Burma Forum)၊ နိုင်ရောမွန်( မွန်ကနေဒီယန်-ဥက္ကဌ )တို့ကိုလည်း ပါဝင်ဆွေးနွေးစေခဲ့သည် ၊ ဆက်လက်၍လည်း ကနေဒါနိုင်ငံ၏ အနောက်ပိုင်း (ဗန်ကူးဗား) ၊ အလည်ပိုင်း (မွန်ထရီယယ်) ၊ စစ်စကာချွန်ဂမ် ၊ အော်တာဂါ စသည်တို့ဖက်မှ ကျောင်းသားများအပြင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဆက်လက်ဆွေးနွေးရန်ရှိသည် ၊ နောက်တစ်ပတ်တွင် ၊ မသက်ထက်ထွန်း (မွန်ထရီရယ်)၊ ဆလိုင်းဇာချေးလျှံ (တိုရွန်တို) ၊ ပရောဖက်ဆာ Bush Gulati ( Toron to, NCUB) ၊ ဦးစံလွင်(တိုရွန်တို)၊ ကိုဌေးအောင်(ဗန်ကူးဗား)တို့ကိုလည်း ကြိုးစားဆက်သွယ်နေကြသည်။

- နိုင်ငံတကာမှရဲဘော်များ အနေနှင့်လည်း ထပ်မံပါဝင်လာအောင် အထူးဆက်လက်ကြိုးစားစည်းရုံးသင့်သည် ၊ ဒီနေရာတွင် လွန်ခဲ့သောအနှစ်(၂၀)ကျော်ကာလအတွင်းမှ ပုဂ္ဂိုလ်ရေးများကို မေ့ပြစ်သင့်ပြီး ၊ နှစ် (၂၀)အတွင်း ပြည်ပရောက် မြန်မာကျောင်းသားဟောင်းတို့၏ ပြောင်းလဲတိုးတက်တည်ငြိမ်မှုကို အချင်းချင်းယုံကြည်လေးစား အပြန်အလှန် အသိအမှတ်ပြုသင့်ကြကာ ပူးပေါင်းလိုသူအားလုံးကို တန်းတူလက်ကမ်းကြိုဆိုသင့်ကြပါသည်။ ဥရောပဖက်မှကျောင်းသားများ တနိုင်ငံတယောက်မျှ လာတက်နိုင်လျှင်ပင် နောင်လာမည့်နှစ်များအတွက် ဆက်လက်တိုးချဲ့ရန် အလားအလာရှိသည် ။ ဥရောပမှ ကျောင်းသားရဲဘော်များနှင့် ဆက်သွယ်ထားမှုများရှိသည်ဖြစ်၍ စည်းရုံးဆက်သွယ်ပေးနိုင်ပါသည် ။

- အချုပ်အားဖြင့် ကျွန်တော်တို့ (အချို့ )မှာ ၈၈ ကျောင်းသားအစစ်( နိုင်ငံရေး ၊ ပညာရေး ၊ သမိုင်ကျောင်းအရ )များဖြစ်သည့်တွက် အရာအားလုံးကို နားလည်ပေးနိုင်စွမ်းရှိကြသလို ဖို့ဂိန်းညီလာခံ ၊ ယူတီကာညီလာခံများကို မတက်ရောက်ဖြစ်ခဲ့ခြင်းမျှသာဖြစ်ခဲ့ပြီး လက်ရှိ(ဘတ်ဖလိုး)ညီလာခံကို အားပေးထောက်ခံသူများဖြစ်သည် ။

(၃) ဘဏ္ဍာရေးဆပ်ကော်မတီ၏တင်ပြချက် ။

- ညီလာခံအတွက် ထည့်ဝင်ငွေအား အချိန်မီထည့်ဝင်ကြစေချင်သည် ။
- (Proposal)တင်၍ အလှူခံရန်စီစဉ်ထားခြင်းကို ဖျက်သိမ်းလိုက်သည် ။ မိမိတို့ရဲဘော်များ၏ မတည်ငွေ(Self Funding)ဖြင့်သာ ညီလာခံအား ကျင်းပသွားမည်ဖြစ်သည် ။ ထို့ကြောင့် ညီလာခံမတိုင်ခင် ထည့်ဝင်ကြရန် ဘဏ္ဍာရေးဆပ်ကော်မတီမှတင်ပြသည် ။
- ညီလာခံကျင်းပမည့်အခန်းကိစ္စကို စီစဉ်ပြီးဖြစ်သည် ။

(၄) ညီလာခံတွင်ချမှတ်မည့် နိုင်ငံရေးလုပ်ငန်းစဉ်များအား ကြိုတင်ဆွေးနွေးခြင်း/အကြံပြုတင်ပြခြင်း ။

- ပြည်ပတွင်ရှိနေ၍ လုပ်နိုင်တာကိုပဲ လုပ်သင့်သည် ။

- ရန်ပုံငွေစုဆောင်းပြီး ပြည်တွင်းနှင့် နယ်စပ်သို့ထောက်ပံ့ရေး ။

- နိုင်ငံတကာအစိုးရများနှင့် နိုင်ငံတကာရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)များကို စည်းရုံး၍ မြန်မာ့အရေးအား လုပ်ကိုင်နိုင်ရေး ။

- (Media)များကို ထိုးဖေါက်၍ မြန်မာ့အရေးကို တကမ္ဘာလုံးသိအောင်လုပ်ကိုင်ရေး ။

- ပြည်တွင်းလုပ်ငန်းများကို ခိုင်မာအောင် ဝိုင်းဝန်းတည်ဆောက် / လုပ်နေသူများကိုပံ့ပိုး .. စသည့်လုပ်ငန်းများလုပ်ကိုင်ရန် ဆွေးနွေးချမှတ်သင့်သည် ။ လုပ်နိုင်တာကိုပဲလုပ်ပြီး မလုပ်နိုင်သည်များကို မချမှတ်သင့်ချေ ။

- မိမိတို့ရောက်ရှိနေထိုင်သည့် ဒေသခံနိုင်ငံခြားသားများကိုစည်းရုံး မြန်မာ့ဒီမိုကရေစီအရေးတွင် ပူးပေါင်းပါဝင်လာရန်လှုံ့ဆော်သည့် လုပ်ငန်းများလုပ်ကိုင်နိုင်ရေး ။

- ပြည်ပရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများအားလုံးစုစည်း၍ အမျိုးသားရေးလက္ခဏာဆောင်သည့် တပ်ပေါင်းစုမျိုးစုဖွဲ့ရန် ပြင်ဆင်ချမှတ်နိုင်ရေး ။

- ပြည်တွင်းလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်နိုင်ရေး ။

- နိုင်ငံတကာတွင် မြန်မာ့ဒီမိုကရေစီရေး (Campaign)များကို တိုးမြှင့်လုပ်ကိုင်ရေး ။

- နည်းလမ်းပေါင်းစုံဖြင့် စစ်အုပ်စုကိုတော်လှန်ရန် ချမှတ်၊ နယ်စပ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်ရေး ၊ ထောက်ပံ့ရေး ။

- လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲပေါင်းစပ်နိုင်အောင် ပြည်ပအင်အားစုများက လိုအပ်သည့်ထောက်ပံ့မှုများလုပ်ကိုင်နိုင်ရေး ။

- ရန်ပုံငွေကို ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများထူထောင်လုပ်ကိုင်ရှာဖွေ ။ ကိုယ့်ငွေနှင့် တော်လှန်ရေးလုပ်နိုင်အောင်ပြင်ဆင် ။ ပြည်ပအင်အားစုများက ရင်းနှီးငွေထည့်ဝင် ၊ ရန်ပုံငွေကို စနစ်တကျစုဆောင်းကောက်ခံရေး ။

- နိုင်ငံရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်၍လုပ်ဆောင် ။

- ပြည်ပရောက် မြန်မာလူငယ်ပညာတတ်များကို စည်းရုံးမွေးမြူ ။ တိုင်းပြည်အတွက် ပြင်ဆင်ထားရေး ။ (မျိုးဆက်သစ်များကို စနစ်တကျမွေးမြူရေး ) ။ ထိုပညာတတ်လူငယ်များကို နိုင်ငံရေးသဘောတရားများ ဆွေးနွေးပို့ချရေး ။

- နိုင်ငံတကာမှာရှိသည့် အလုပ်သမားသမဂ္ဂများကို ထိတွေ့ဆက်ဆံဆောင်ရွက်ရေး ။

- ပြည်ပရှိအင်အားစုများက ပြည်တွင်းရှိပြည်သူနှင့် နိုင်ငံရေးအင်အားစုများကို နိုင်ငံရေးလုပ်ငန်းများတွင် တွန်းအားပေးမှုမျိုး မလုပ်သင့် ။ ပြည်သူလူထုက အတွေ့အကြုံများစွာရှိနေပြီးဖြစ် ။ ပြည်ပအင်အားစုများသည် ပြည်တွင်းအင်အားစုများ၏ အားဖြစ်စေသည့် စုစည်းမှုဖြစ်ပြီး လုပ်ငန်းတာဝန်များ ခွဲဝေလုပ်ကိုင်နေသည်ဟု ခံယူသတ်မှတ် ။
- နိုင်ငံရေးပြဿနာမှာ အာဏာယူရေးပင်ဖြစ်သည် ။ ထိုအာဏာကို ရယူနိုင်ရေးအတွက် ပြည်ပအင်အားစုများက ဘာတွေပြင်ဆင်ထားသနည်း ။ ဘာတွေပြင်ဆင်ရမည်နည်း ဆွေးနွေးရန်လိုအပ် ။
- ပြည်တွင်းတွင် နိုင်ငံရေးဦးဆောင်အဖွဲ့က ဘယ်သူလဲ ၊ (NLD)ဖြစ်သလား ၊ ပြည်ပအင်အားစုတွေက အဲဒီအတွက် ပြင်ဆင်စရာမလိုအပ်ဘူးလားဆိုသည်ကို ဆွေးနွေးရန်လိုအပ်သည် ။
- (Utica) ညီလာခံတွင်ချမှတ်ခဲ့သည့် နိုင်ငံရေးလုပ်ငန်းစဉ်(၆)ရပ်အား လက်တွေ့အကောင်အထည်ဖေါ်နိုင်ခဲ့သလား လက်တွေ့အကောင်အထည်ဖေါ်မှုကဘာတွေလဲဆိုသည်ကို စမ်းစစ်ရန်လိုအပ်သည် ။ မြန်မာ့အမျိုးသားကွန်ကရက်(BNC)ဖွဲ့စည်းရေးကို ရှေးရှုနေသည်ကို တွေ့ရမှာဖြစ်သည် ။
- စစ်အုပ်စုကိုဖြုတ်ချနိုင်ရန် အတွေးအခေါ်နှင့်လုပ်ဟန် ပြတ်သားခိုင်မာရန်လိုအပ်သည် ။ (စစ်အုပ်စုအား မရ ရတဲ့နည်းဖြင့် တော်လှန်တိုက်ခိုက်ရမည်ဆိုသည့် အတွေးအခေါ်နှင့် လက်တွေ့လုပ်ငန်းအကောင်အထည်ဖေါ်မှုများ)ကို အင်အားစုများသို့ တိုက်တွန်းရမည် ။
- ပြည်သူလူထုမပါတဲ့ တော်လှန်ရေးဆိုသည်မှာမရှိခဲ့ ။ လူထုတိုက်ပွဲဖြင့်သာ အောင်မြင်နိုင်မည် ။ လူထုတိုက်ပွဲများအတွက် ပြင်ဆင် ( ရန်ပုံငွေ ၊ အင်အား ၊ လိုအပ်သည့်အရာများ စသည့် ) ။
- မိမိတို့အင်အားစုကို နိုင်ငံတကာတန်းဝင်သည့် စုဖွဲ့မှုမျိုးဖြစ်အောင် ဖွဲ့စည်းထားရန်လိုအပ်သည် ။
- အခြားအင်အားစုများ၏ နိုင်ငံရေးသုံးသပ်ချက်တွေကို လေ့လာရန်လည်းလိုအပ်သည် ။

<u>(၅) ညီလာခံ၏ အခမ်းအနားအစီအစဉ်နှင့် (web Conference) ကိစ္စ ။</u>

- (Utica) ညီလာခံထက် (Buffalo) ညီလာခံအား ပိုမိုထိရောက်အောင်မြင်သည့် ဆွေးနွေးချက်များ ချမှတ်နိုင်ရန် ပြင်ဆင်ထားသင့်သည် ။
 * ညီလာခံကျင်းပချိန်ကို နံနက်(၉)နာရီမှ ည(၉)နာရီထိ လုပ်နိုင်အောင် စီစဉ်ထားသင့်သည် ။ <u>အကယ်၍ ည-၉-နာရီအထိ ညီလာခံကျင်းပရန် ငှါးထားသည့်အခန်းကမရလျှင် အခြားနေရာများတွင် (Panel)များခွဲ၍ ဆက်လက်ကျင်းပနိုင်ရန် ညီလာခံကျင်းပရေးကော်မတီမှ စီစဉ်ထားရန်လိုအပ်သည်</u> ။
 * (Web Conference) လုပ်ရန် သေချာပြင်ဆင်ထားရမည် ။
- ထိုကိစ္စအတွက် ကိုကိုလေးနှင့် ညီလာခံကျင်းပရေးကော်မတီတို့ သီးသန့်ဆွေးနွေးမည်ဖြစ်သည်။ (လိုအပ်လျှင် ပညာရှင်ကိုငှားရန်ဖြစ်သည် ) ။
* ညီလာခံ အခမ်းအနားစီစဉ်ရေးဆွဲရေးအလုပ်အဖွဲ့အား ဖွဲ့စည်းရန်ဆွေးနွေးဆုံးဖြတ်သည် ။
* ထို အလုပ်အဖွဲ့တွင် ..။
    - ကိုကိုလေး
    - ကိုရဲထွဋ်
    - ကိုဇော်ကိုနိုင်.. တို့အားရွေးချယ်တာဝန်ပေးအပ်လိုက်သည်။ ထိုအလုပ်အဖွဲ့မှ တပတ်အတွင်း အခမ်းအနားအစီအစဉ်(မူကြမ်း) အားရေးဆွဲ၍ နောက်တပတ်တွင်ကျင်းပမည့် ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ၌ တင်ပြရန်ဖြစ်သည် ။
- အခြားရဲဘော်များမှ ထိုအလုပ်အဖွဲ့ထံသို့ (ညီလာခံအခမ်းအနား အစီအစဉ်နှင့်ပတ်သက်၍ ) အကြံပြုစာများ ပေးပို့ရန်ဖြစ်သည် ။
    - kokophoto@yahoo.com , yehtut@yahoo.com , zaw_kk@yahoo.com

<u>(၆) ညီလာခံတွင် အဖွဲ့အစည်းတရပ် စုဖွဲ့နိုင်ရေးအတွက် ဖွဲ့စည်းပုံရေးဆွဲရေးကိစ္စ ။</u>

* ညီလာခံတွင် အဖွဲ့အစည်းတရပ်စုဖွဲ့နိုင်ရေးအတွက် ဖွဲ့စည်းပုံရေးဆွဲရေးအလုပ်အဖွဲ့အား ဖွဲ့စည်းရန်ဆွေးနွေးဆုံးဖြတ်သည် ။
* ထိုအလုပ်အဖွဲ့တွင် ..။
    - ကိုကိုလေး
    - ကိုရာဇာ
    - Dr-ခင်စိန်
    - ကိုရဲထွဋ်
    - ကိုစိုင်း ...တို့အားရွေးချယ်တာဝန်ပေးအပ်လိုက်သည် ။ တိုးချဲ့ဖွဲ့စည်းရန်ဖြစ်သည် ။

(၇) ညီလာခံဖြစ်မြောက်ရေး လိုအပ်ချက်များ ( ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်များသတ်မှတ်ရေးကိစ္စ) ။

- ညီလာခံ၏မူရှိသည် ။ မိမိတို့၏ အခြေခံနိုင်ငံရေးမူ(၃)ချက်အား ခိုင်မာစွာကိုင်ဆွဲရန်ဖြစ်သည် ။ ထိပါး၍မရ ။
* ညီလာခံကျင်းပရခြင်း ရည်ရွယ်ချက်တွင် ချမှတ်ထားသော အခြေခံမူများအား ဖျက်ဆီးနှောက်ယှက်မည့်သူများကို ညီလာခံကိုယ်စားလှယ်အဖြစ် မသတ်မှတ်ရန်ဖြစ်သည် ။
* ညီလာခံကိုယ်စားလှယ်အဖြစ်သတ်မှတ်ခြင်း စည်းမျဉ်းများအားရေးဆွဲရန်လိုအပ်သည် ။ (ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် လိုအပ်သည့်အချက်အလက်များရေးဆွဲရေး) ။
* ရွေးကောက်တင်မြှောက်ရေးကော်မရှင်ဖွဲ့စည်းရန်လိုအပ်သည် ။ (ထိုကော်မရှင်၏ စည်းမျဉ်းဥပဒေသများရေးဆွဲရေး) ။
- ညီလာခံနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများရေးဆွဲရန်လိုအပ်သည် ။
* ရေးဆွဲချမှတ်အတည်ပြုထားသည့်မူများကို လက်ခံသည့်သူများသာ ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရှိသည် ဆိုသည့် ရေးဆွဲပြင်ဆင်ထားမှုများလိုအပ်သည် ။
    * အခြေခံမူ(၃)ချက်ကို လက်ခံသည့်သူဖြစ်ရမည် ။
    * ရွေးချယ်ခံမည့်သူသည် မည်သည့်တာဝန်ကိုမဆို ထမ်းဆောင်နိုင်မည့်သူဖြစ်ရမည် ။
    * အဖွဲ့ဝင်အဖြစ်သတ်မှတ်ထားသည့် စည်းမျဉ်းများကို လက်ခံသည့်သူဖြစ်ရမည် ။
* ညီလာခံဖြစ်မြောက်ရေးကော်မတီမှ ညီလာခံနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားရန်လိုအပ်သည် ။ ညီလာခံမကျင်းပမီ (၂)ပတ်အလိုတွင် ရေးဆွဲထားရန် ဆွေးနွေးဆုံးဖြတ်သည် ။
* ညီလာခံကိုယ်စားလှယ်အဖြစ် စာရင်းတင်သွင်းရန်ပုံစံ (မူကြမ်း) ရေးဆွဲပြုစုရန် ဆွေးနွေးဆုံးဖြတ်ပြီး ထိုမူကြမ်းရေးဆွဲရေးအလုပ်အဖွဲ့ကိုဖွဲ့စည်းရန် ဆွေးနွေးဆုံးဖြတ်သည် ။
* ထိုအလုပ်အဖွဲ့တွင်..။
    - Dr-ခင်စိန်
    - ကိုကိုလေး
    - ကိုရာဇာ.. တို့အားရွေးချယ်တာဝန်ပေးအပ်လိုက်သည်။ ထိုအလုပ်အဖွဲ့မှ တပတ်အတွင်း ညီလာခံကိုယ်စားလှယ်အဖြစ် စာရင်းတင်သွင်းရန်ပုံစံ(မူကြမ်း)အားရေးဆွဲ တင်ပြရန်ဖြစ်သည် ။

- အထွေထွေ

- ညီလာခံကျင်းပရေးကိစ္စများအား ဆွေးနွေးခဲ့ကြသည် ။

---